7

သင်ခန်းစာ (၇)

# လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်တားဆီးခြင်း

## Protection from Sexual Exploitation and Abuse (PSEA)

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

UKaid
from the British people

HARP-F
Humanitarian Assistance and Resilience Programme Facility

# သင်ခန်းစာ ရည်ရွယ်ချက်

- လူသားချင်းစာနာထောက်ထားကူညီမှုလုပ်ငန်းများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်တားဆီးခြင်း (PSEA) ကို သိရှိနားလည်ပြီး လေးစားလိုက်နာတတ်စေရန်။

# PSEA ဆိုသည်မှာ

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်း ဆိုသည်မှာ ကယ်ဆယ်ရေး လုပ်သားများမှ မိမိတို့ အကူအညီပေးနေသည့် လူထုအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာကိစ္စရပ် တစ်ခုခုကို ဆိုလိုခြင်းဖြစ်သည်။ အမျိုးသမီးများသာမက အမျိုးသားများ၊ လူကြီး၊ လူငယ်၊ မရွေး ကြုံတွေ့ရနိုင်သည်။
- ထိုသို့သော ကိစ္စရပ်များကို ရှောင်ရှားနိုင်ရန်အတွက် အဖွဲ့အစည်းနှင့် သက်ဆိုင်သူ (သို့) ဝန်ထမ်း တစ်ဦးဦးက ၎င်း၏ အင်အား၊ အခွင့်အာဏာ၊ ယုံကြည်မှု၊ ထိခိုက်ခံရလွယ်မှု တစ်ခုခုကို အလွဲသုံးစား ပြုလုပ်ရန် အားထုတ်မှု၊ အမှန်တကယ် ကျူးလွန်မှု (သို့) ကျူးလွန်ရန် အလားအလာရှိမှု အမျိုးမျိုးမှ ကာကွယ်တားဆီးခြင်း၊ အစီရင်ခံခြင်းနှင့် အရေးယူခြင်း လုပ်ငန်းစဉ်များသည် PSEA ဖြစ်သည်။

# PSEA ကို လိုက်နာ လုပ်ဆောင်ရန် အဘယ်ကြောင့် အရေးကြီးသနည်း

- ဘေးတုံ့ပြန်ရေး လုပ်ငန်းလုပ်ဆောင်နေသော  ကယ်ဆယ်ရေးလုပ်သားများကို ဘေးသင့်လူထုက ကျေးဇူးရှင်များ၊ ကယ်တင်ရှင်ကြီးများသဖွယ် ရှုမြင်တတ်ကြခြင်း၊
- ၎င်းအခြေအနေကို အခွင့်ကောင်းယူပြီး အချို့ကယ်ဆယ်ရေးလုပ်သားများသည် ကယ်ဆယ်ရေး အထောက်အပံ့များကို အသုံးပြု၍ ဘေးသင့်လူထုအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ရန်နှင့် အလွဲသုံးစားလုပ်ရန် အခွင့်အရေး ရစေခြင်း၊
- ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးသော ဓလေ့ထုံးတမ်းများအရ PSEA ကဲ့သို့သော ကိစ္စရပ်မျိုးသည် ဖြစ်နိုင်စရာမရှိဟု ငြင်းချက်ထုတ်သူများ ရှိနေခြင်း၊
- လက်တွေ့တွင် အဆိုပါကိစ္စမျိုးသည် မည်သည့် နိုင်ငံ၊ လူမျိုး၊ ဘာသာ တွင်မဆို အမှန်တကယ် ပေါ်ပေါက်နေခြင်း၊
- ဖွံ့ဖြိုးရေးနှင့် ဘေးတုံ့ပြန်ရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် PSEA ကို အလေးပေး ကြိုးစား လုပ်ဆောင်မှု နည်းပါးနေခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# လက်တွေ့သင်ခန်းစာ

- ဟောတီနိုင်ငံတွင် (၂၀၁၀) ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ကျူးလွန်ကြောင်း စွပ်စွဲချက်များထွက်ပေါ်ခဲ့ခြင်း၊
- ဘေးတုံ့ပြန်ရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကလေးသူငယ်များနှင့် ထိခိုက်ခံရလွယ်သော သူများကို အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ခြင်း၊
- ထင်ရှားသည့် မီဒီယာများတွင် ခေါင်းစီးအဖြစ် ဖော်ပြခံခဲ့ရခြင်း၊
- အမှန်တကယ် တိုင်ကြားမှုများ ရှိခဲ့သော်လည်း အဖွဲ့အစည်းများက အရေးယူမှုတွင် အားနည်းခဲ့ခြင်း၊
- ကယ်ဆယ်ရေး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ မည်သူမဆို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းကို ကိုယ်တိုင် ကျူးလွန်ခြင်း မပြုကြသော်လည်း ထိုဖြစ်ရပ်များ မဖြစ်ပေါ်စေရန် ကာကွယ် တားဆီး အရေးယူမှုတွင် အားနည်းနေသေးခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ပါဝင်သော လုပ်ငန်းစဉ်များ

- ကယ်ဆယ်ရေးလုပ်သားများအနေဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားလုပ်မှုများ မဖြစ်ပေါ်စေရန် ထိခိုက်ခံရနိုင်သောသူများကို ကာကွယ်ပေးခြင်း၊
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားလုပ်မှုမှ ကာကွယ်ပေးရေးနှင့်ဆိုင်သော လိုက်နာရမည့် ကျင့်ဝတ်များ ပြဌာန်း၍ ဦးဆောင်သူများမှ စဉ်ဆက်မပြတ် စောင့်ကြည့်၍ ထိန်းသိမ်းကွပ်ကဲခြင်း၊
- ကျူးလွန်သူများကို ထိရောက်သော အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော အကူအညီပေးရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# PSEA ဆိုင်ရာ အခြေခံမူများ

မိမိတို့ အဖွဲ့အစည်းများတွင် PSEA နှင့်ပတ်သက်သော အခြေခံမူများကို ချမှတ်ဆောင်ရွက်ရာတွင် အောက်ပါအချက် (၆) ချက်ကို အဓိကထား ထည့်သွင်းဖော်ပြနိုင်သည်။

၁။ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို ပေးလျက်ရှိသည့် ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများနှင့် အလွဲသုံးစားလုပ်ခြင်းပုံစံအမျိုးမျိုးသည် လက်ခံနိုင်ဖွယ်မရှိသည့် ကျင့်ဝတ်ဖောက်ဖျက်မှုဖြစ်ပြီး အလုပ်မှချက်ချင်း ထုတ်ပယ်သည့် ပြစ်ဒဏ်ချမှတ်နိုင်သည်။

၂။ အများကလက်ခံခွင့်ပြုထားသည့် အသက်အရွယ် သို့မဟုတ် ကလေးသူငယ်နေထိုင်သည့် ဒေသတွင် သဘောတူလက်ခံထားသည့် အသက်အရွယ်ရှိသော အခြေအနေမျိုးတွင်ပင် ၎င်းကို ထည့်သွင်းမစဉ်းစားဘဲ၊ ကလေးငယ်များ (အသက် ၁၈နှစ် မပြည့်သေးသူများ) နှင့် လိင်ပိုင်းဆိုင်ရာကိစ္စများအား တားမြစ်သည်။ ကလေးငယ်၏ အသက်ကို ခန့်မှန်းရာတွင် မှားယွင်းသွားသည်ဟူသော ချေပချက်ကို လက်ခံမည်မဟုတ်ပါ။

# PSEA ဆိုင်ရာ အခြေခံမူများ

၃။ လိင်ပိုင်းဆိုင်ရာ အခွင့်အရေးတောင်းခံခြင်း သို့မဟုတ် နှိမ့်ချသော၊ သိမ်ငယ်စေသော၊ ခေါင်းပုံဖြတ်သည့် အပြုအမူများအပါအဝင် လိင်ဆက်ဆံရန်အတွက် ငွေကြေး၊ အလုပ်အကိုင်အခွင့်အရေးနှင့် ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများနှင့် လဲလှယ်ခြင်းတို့ကို တားမြစ်သည်။ ထိုအထဲတွင် အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ကူညီမှုများကိုအသုံးချ၍ လိင်မှုကိစ္စအလဲအလှယ်ပြုလုပ်ခြင်းလည်း ပါဝင်သည်။

၄။ ပင်ကိုအားဖြင့် မတူညီသည့် အာဏာသက်ဝင်လှုပ်ရှားမှုများအပေါ် အခြေခံကာ လူသားချင်းစာနာမှုဆိုင်ရာ လုပ်သားများနှင့် ကူညီထောက်ပံ့မှုအကျိုးခံစားရသူများအကြား လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုများအား ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။ အဆိုပါ ဆက်ဆံရေးမျိုးသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်း၏ လူအများ ယုံကြည်လက်ခံမှုနှင့် သမာသမတ်ဖြစ်မှုတို့ကို မေးမှိန်လျော့ပါးစေပါသည်။

# PSEA ဆိုင်ရာ အခြေခံမူများ

၅။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းတစ်ဦးအနေဖြင့် မိမိ၏ အဖွဲ့အစည်းမှ သို့မဟုတ် အခြားအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးဦးသည် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားလုပ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ကျူးလွန်နေသည်ဟု သံသယရှိပါက သို့မဟုတ် စိုးရိမ်ပူပန်ပါက  အဆိုပါဝန်ထမ်းသည် ထိုစိုးရိမ်ပူပန်မှုများကို တည်ဆောက်ပြီးဖြစ်သော သတင်းပို့တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်ကြားရမည်။

၆။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားလုပ်မှုတို့ကို တားဆီးသည့် ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် ထိုပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး၊ ယင်းတို့လိုက်နာရမည့် ကျင့်ဝတ်များအား အကောင်အထည်ဖော်ခြင်းကို အားပေးမြှင့်တင်ရမည်။  အဆင့်အသီးသီးရှိ စီမံခန့်ခွဲသူများသည် ထိုသို့သောပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့် စနစ်များကို ထောက်ပံ့ကူညီရန်နှင့် ဖွံ့ဖြိုးစေရန် အထူးတာဝန်ရှိသည်။

HARP-F
Humanitarian Assistance and
Resilience Programme Facility

# မေး/ဖြေ ကဏ္ဍ - မေးခွန်းများ

**မေးခွန်း (၁) -** လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းသည် အမျိုးသမီးများတွင်သာ ဖြစ်ပေါ်လေ့ရှိသည်။ (မှန်/မှား)

**မေးခွန်း (၂) -** လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်း ကိစ္စရပ်များသည် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဖြစ်ပေါ်လေ့မရှိပါ။ (မှန်/မှား)

**မေးခွန်း (၃) -** လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်း ကိစ္စရပ်များသည် ဝန်ထမ်းအချင်းချင်း ကြားတွင် ဖြစ်ပေါ်သော ကိစ္စရပ်မျိုးကို ဆိုလိုခြင်းဖြစ်သည်။ (မှန်/မှား)

**မေးခွန်း (၄) -** အချို့နိုင်ငံများ (သို့မဟုတ်) ဒေသဓလေ့ထုံးစံများအရ အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ်များနှင့် လိင်ဆက်ဆံခြင်းအား တရားဝင် ခွင့်ပြုထားသည့်နေရာများတွင် ကာယကံရှင် ကိုယ်တိုင်သဘောတူပါက အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ်များနှင့် လိင်ဆက်ဆံမှု ပြုခြင်းကို ခြွင်းချက်အဖြစ် လက်ခံနိုင်သည်။ (မှန်/မှား)

# မေး/ဖြေ ကဏ္ဍ - မေးခွန်းများ

**မေးခွန်း (၅) -** မိမိ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ဘေးသင့်လူ တစ်ဦးကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်နေသည်ကို သိရှိပါက အဘယ်သို့ လုပ်ဆောင်သင့်သနည်း။ (အဖြေမှန် တစ်ခုကို ရွေးပါ)

- အဖွဲ့အစည်း ဂုဏ်သိက္ခာကို ငဲ့ကွက်၍ ဖုံးဖုံးဖိဖိ ဖြေရှင်းမည်။
- သေချာအောင် ကိုယ်တိုင်စုံစမ်းမည်။
- အလားတူ ကိစ္စရပ်မျိုး ထပ်မဖြစ်အောင် ကျူးလွန်သူကို သတိပေးမည်။
- အရေးယူဆောင်ရွက်နိုင်ရန် တရားဝင် တိုင်ကြားမည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# မေး/ဖြေ ကဏ္ဍ - အဖြေမှန်များ

| | |
|---|---|
| မေးခွန်း (၁) | မှား |
| မေးခွန်း (၂) | မှား |
| မေးခွန်း (၃) | မှား |
| မေးခွန်း (၄) | မှား |
| မေးခွန်း (၅) | အရေးယူဆောင်ရွက်နိုင်ရန် တရားဝင် တိုင်ကြားမည်။ |

# သင်ခန်းစာ၏ အဓိက သတင်းစကား

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းသည် ဘေးတုံ့ပြန်ရေး လုပ်ငန်းများ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မည်သို့မှ လက်ခံနိုင်ဖွယ်မရှိသော အလျှော့အတင်းလုပ်၍မရသည့် ကိစ္စရပ် တစ်ခုဖြစ်ပါသည်။
- မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည်ကို တွေ့ရှိလျှင် နှုတ်ဆိတ်မနေဘဲ မဖြစ်မနေ တိုင်ကြားရန် လူတိုင်းတွင် တာဝန်ရှိပါသည်။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်း ကျူးလွန်သည်ကို ကြားသိသည်နှင့် တပြိုင်နက် တရားဝင်တိုင်ကြားပြီး စုံစမ်းဖော်ထုတ် အရေးယူမှုများကို အဖွဲ့အစည်းမှ ဆောင်ရွက်ရမည်။
- နိုင်ငံတစ်နိုင်ငံ၏ ဥပဒေ သို့မဟုတ် ဒေသထုံးစံအရ လက်ခံခွင့်ပြုသော်လည်း လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လုပ်ဆောင်သည့် အဖွဲ့အစည်းများအနေဖြင့် အသက် ၁၈ နှစ် မပြည့်သေးသူများနှင့် လိင်ပိုင်း ဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်ခြင်းအားလုံးကို တားမြစ်သည်။ ကလေး၏ အသက်အရွယ်ကို ခန့်မှန်းရာတွင် မှားယွင်းသွားသည်ဟူသော ချေပချက်ကို လက်ခံမည်မဟုတ်ပါ။

# သင်ခန်းစာ ပြီးဆုံးပါပြီ

**References:**


- HARP - Facility Myanmar Policy on Protection from sexual exploitation and abuse (PPSEA), September 2019